
24 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)

## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### သေဆုံးခဲ့သူ အရေအတွက် စုစုပေါင်း




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ ၁,၁၈၃ ဦးထက်မနည်း ရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရသိရသည်။ ၁,၁၈၃ ဦးအနက် အချက်အလက်သိရသူ ၁,၁၁၅ ဦးဖြစ်ပြီး၊ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်သူနေ များစွာ ရှိနိုင်ပါသည်။ AAPP က ပြုစုထားသောစာရင်းများကို စစ်ကောင်စီက ငြင်းဆန်ထားသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### သေဆုံးသူ အရေအတွက် ထုတ်ပြန်ချက်များ

**၁,၁၈၃+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း စစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးရသူ **၁,၁၈၃ ဦး** ထက်မနည်းရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။

**၂,၄၇၈**


အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်များအရ ဇွန်မှ စက်တင်ဘာအထိ ဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များအတွင်း **စစ်ကောင်စီဘက်မှ ၂,၄၇၈ ဦး** သေဆုံးသည် ဟု ဆိုပါသည်။*

**၅၉၅**

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်ချက်များအရ ဇွန်မှ စက်တင်ဘာအထိဖြစ်ခဲ့သော တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်စဉ်များအတွင်း **ပြည်သူ စုစုပေါင်း ၅၉၅ ဦး** သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ၅၉၅ ဦးအနက် **၁၂၆ ဦး**သည် (NUG က ခုခံတွန်းလှန်စစ် ကြေညာခဲ့သော) စက်တင်ဘာ ၇ ရက်နောက်ပိုင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ NUG ၏ ထုတ်ပြန်ချက်များအရ စက်တင်ဘာ ၇ ရက်နောက်ပိုင်းတွင် အရပ်သားများအပေါ် စစ်ကောင်စီဘက်မှ ပြုလုပ်သော အကြမ်းဖက်မှု **အနည်းဆုံး ၁၅၃ ခု ဖြစ်ပွားခဲ့ကြောင်း** သိရသည်။*

**၁,၃၃၇**

စစ်ကောင်စီ၏ အောက်တိုဘာ ၂၃ ရက် ထုတ်ပြန်ချက်အရ (အောက်တိုဘာ ၂၁ ရက်အထိ) **သေဆုံးသူစုစုပေါင်း ၁,၃၃၇ ဦး** ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ၁,၃၃၇ ဦးထဲတွင် **အရပ်သား ၁,၁၅၅ ဦး၊ တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး** ပါဝင်ကြောင်း ၎င်းတို့က ထုတ်ပြန်ထားပါသည်။ ထိုကိန်းဂဏန်းများအနက် (စက်တင်ဘာ ၉ ရက်တွင် စစ်ကောင်စီကပြုလုပ်ခဲ့သော မြန်မာနိုင်ငံအခြေစိုက် သံတမန်များအား ရှင်းလင်းပွဲ၌ ပြောကြားခဲ့သည့် အချက်အလက်များနှင့် သတင်းမီဒီယာများအား ပြောခဲ့သော အချက်အလက်များအရ) **စက်တင်ဘာ ၂၇ ရက်အထိ သိရသော ၉၇၀ ဦး၏** သေဆုံးမှုအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။*





(*) အဆိုပါ အချက်အလက်များသည် ၎င်းတို့၏ ထုတ်ပြန်ချက်သာဖြစ်ပြီး လွတ်လပ်သော အဖွဲ့အစည်းများ၏ သီးခြားအတည်ပြုချက်မရှိပါ။

24 October, 2021


# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### စစ်ကြောရေးတွင် သေဆုံးခဲ့ရသူများ


ဒေသအလိုက် သေဆုံးခဲ့ရသူများ




သေဆုံးခဲ့ရသော ကျား/မ အရေအတွက်




သေဆုံးခဲ့ရသော အသက်အပိုင်းအခြား





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၁၈၃ ဦး ကျော်အနက် စစ်ကြောရေးစခန်းများအတွင်း သေဆုံးခဲ့ရသူမှာ ၄၈ ဦးထက်မနည်း ရှိခဲ့ပါသည်။ ထိုသို့ သေဆုံးခဲ့ရသူများအနက် စစ်ကိုင်းတိုင်းမှ အများဆုံးဖြစ်ပြီး ၁၅ ဦးအထိ ရှိခဲ့သည်။ မန္တလေးတိုင်းမှာ ဒုတိယအများဆုံးဖြစ်ပြီး ၁၂ ဦးရှိကာ၊ ရန်ကုန်တိုင်းတွင် ၇ ဦး ရှိပါသည်။ အသက်အပိုင်းအခြားအနေဖြင့် အသက် ၁၈ နှစ်မှ ၄၀ အကြား လူငယ်၊ လူရွယ်အများအပြား သေဆုံးခဲ့ရသည်။ သေဆုံးသူစုစုပေါင်း ၂၈ ဦးထက်မနည်း ရှိခဲ့သည်။ အသက် ၄၁ နှစ်မှ ၅၀ အကြား သေဆုံးရသူ အရေအတွက်မှာ ဒုတိယအများဆုံး ဖြစ်ခဲ့ပြီး ၈ ဦးထက်မနည်း ရှိခဲ့ပါသည်။ ကျား/မ အရေအတွက်အားဖြင့် အမျိုးသား ၄၆ ဦးထက်မနည်း သေဆုံးခဲ့ရပြီး အမျိုးသမီး ၂ ဦးထက်မနည်း သေဆုံးခဲ့ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့် စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

24 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ


### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်နှင့် အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၁၈၃ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၂၇ ဦး ထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း သေဆုံးခဲ့ရသူ ၁,၀၈၉ ဦးကျော်အနက် ဦးခေါင်း ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၁၁၇ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၈ ကိုရှု)** ရှိခဲ့သည်။ သေဆုံး ရသည့်အကြောင်းရင်း အတိအကျမသိရှိရသူ ၂၇၉ ဦးရှိသောကြောင့် ဦးခေါင်းပစ်ခတ်ခံရပြီး သေဆုံးရသူ အရေအတွက်မှာ ယခုထက် ပိုမိုများပြားနိုင်ပါသည်။ သေဆုံးရသည့် အကြောင်းအရင်းသိရှိရသူ ၉၀၄ ဦးအနက် ၁၄ ရာခိုင်နှုန်းမှာ ဦးခေါင်း ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့သူများဖြစ်သည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

### ဒေသအလိုက် ဦးခေါင်းပစ်ခတ်ခံရသူများ





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၁၈၃ ဦးကျော်အနက် ဦးခေါင်းပစ်ခတ်ခံရသူ ၁၂၇ ဦး ထက်မနည်း ရှိခဲ့ပါသည်။ ထိုသို့ ဦးခေါင်းပစ်ခတ်ခံရသူ အများဆုံးမှာ စစ်ကိုင်းတိုင်းတွင် ဖြစ်ပြီး ၃၀ ဦးအထိ ရှိခဲ့ပါသည်။ မန္တလေးတိုင်းတွင် ဒုတိယအများဆုံးဖြစ်ပြီး ၂၉ ဦးရှိကာ၊ ရန်ကုန်တိုင်းတွင် ၂၅ ဦးရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

24 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ


### သေဆုံးခဲ့ရသော အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသူများအနက် အသက်အတိအကျသိရှိရသူ ၈၇၀ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အတွင်း သေဆုံးသူအရေအတွက်က အများဆုံးဖြစ်သည်။ အသက် အတိအကျမသိရသူ ၃၁၃ ဦး ရှိပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
## အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ


### သေဆုံးခဲ့သော ကျား/မ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၁၈၃ ဦးကျော်အနက် (ကျား/မ အတိအကျသိရှိရသော စာရင်းများ အရ) ၁,၀၃၁ ဦးသည် အမျိုးသားများဖြစ်ပြီး ၈၄ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၆၈ ဦးမှာ အတိအကျ မသိရှိရပေ။ ယခု ကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်းစစ်ကောင်စီက ငြင်းဆန်ထားပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၅)
### အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

**ဒေသအလိုက် သေဆုံးခဲ့ရသူများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ အောက်တိုဘာ ၂၁ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၁,၁၉၃ ဦး ကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မပါဝင်ဘဲ ကျန်ရှိမှုများ ရှိနိုင်ပါသည်။ ယခုကိန်းဂဏန်းများသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများမှ ရယူထားခြင်းဖြစ်သည်။ AAPP က ပြုစုခဲ့သည့်စာရင်းများကို အာဏာသိမ်း စစ်ကောင်စီက ငြင်းဆန်ထားပါသည်။